# Mountain View သတင်းစာစောင်
# စက်တင်ဘာလ 11 ရက်၊ 2019

**ကြာသာပတေးနေ့၊ စက်တင်ဘာလ 19 ရက်.......အမြင်အာရုံ ကြည့်ရှုစစ်ဆေးမှု**
**ဗုဒ္ဓဟူးနေ့၊ စက်တင်ဘာလ 25 ရက်...မိဘ/ဆရာ တွေ့ဆုံဆွေးနွေးပွဲများ**
**ကြာသာပတေးနေ့၊ စက်တင်ဘာလ 26 ရက်.......မိဘ/ဆရာ တွေ့ဆုံဆွေးနွေးပွဲများ**
**သောကြာနေ့၊ စက်တင်ဘာလ 27 ရက်............ကျောင်းပိတ်သည်**

**ကျောင်းအုပ်၏ အမှာစကား**

ဩဂုတ်လ 23 ရက်နေ့တွင် ကျင်းပခဲ့သော ကျွန်ုပ်တို့၏ ကျောင်းပြန်တက်ရောက်မှု ညပွဲအစီအစဉ်သို့ တက်ရောက်ပေးသည့်အတွက် သင့်အား ကျေးဇူးတင်ရှိပါသည်။ အတူတကွ ဆင်နွှဲပျော်ရွှင်ရသည်ကို နှစ်မြို့က်သည့် နှစ်လိုဖွယ် ရပ်ရွာအဖွဲ့အစည်းတစ်ခုအား ရရှိထားသည်မှာ ကျွန်ုပ်တို့ အလွန်ပင် ကံကောင်းပါသည်။ ၎င်းပွဲအစီအစဉ်သို့ သင် တက်ရောက်စဉ် သင့်ကလေး၏ ဆရာ၊ဆရာမနှင့် တွေ့ ဆုံပြီး၊ ၎င်းတို့အကြောင်း အနည်းငယ် ပိုမို သိရှိရန် သင် ဆောင်ရွက်ခဲ့လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ သင့်ကလေး၏ အတန်း၊ စာသင်ကျောင်း မျှော်မှန်းထားချက်များ သို့မဟုတ် အခြားတစ်စုံတစ်ရာနှင့်ပတ်သက်ပြီး သင့်တွင် နောက်ထပ်သော မေးခွန်းများ ရှိပါက ဆရာ၊ဆရာမများသည် သင့်အား အကူအညီပေးနိုင်ပါသည်၊ မေးခွန်းများ ဖြေကြားပေးရန် နှင့် သင့်ကလေး၏ သင်ယူလေ့လာမှုတွင် သင် ကူညီပေးသည့်အခါ သင့်ကို ပံ့ပိုးပေးရန် အစရှိသည်တို့အတွက် ၎င်းတို့အား ကျောင်းချိန်မတိုင်မီ နှင့် ကျောင်းချိန်ပြီးနောက်တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဤနှစ်တွင်လည်း လတ်ဆတ်သော သစ်သီးများ နှင့် ဟင်းသီးဟင်းရွက်များ အစီအစဉ်အား ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း စိတ်လှုပ်ရှားစွာဖြင့် ကျွန်ုပ်တို့ ထုတ်ပြန်ကြေငြာအပ်ပါသည်။ ဤသည်မှာ ကျောင်းပညာသင်နှစ်တစ်လျှောက် တစ်ပတ်လျှင် နှစ်ကြိမ် ကျွန်ုပ်တို့၏ ကျောင်းသားများအတွက် ကျန်းမာသော မုန့်ပဲသရေစာများ ထောက်ပံ့ပေးသည့် ဖယ်ဒရယ်အစီအစဉ်တစ်ခု ဖြစ်သည်။ ၎င်းထောက်ပံ့ပေးသော သစ်သီးများ နှင့် ဟင်းသီးဟင်းရွက်များတို့သည် မကြာခဏဆိုသလို ကျောင်းသားများအတွက် အသစ်အဆန်း ဖြစ်နေတတ်ရာ အသစ်သော အစားအသောက်များကို စမ်းသပ်စားသုံးကြည့်နိုင်မည့် အခွင့်အရေးအား ထောက်ပံ့ပေးသည်။ ဤအခွင့်အရေးအား ရရှိရန် ကျွန်ုပ်တို့အား အကူအညီပေးသည့် ကျွန်ုပ်တို့ခရိုင်၏ ကလေး အဟာရဌာနအား ကျေးဇူးတင်ကြောင်း ပြောကြားအပ်ပါသည်။

**အသစ်သော အပို့/အကြို ဧရိယာ**

ကျောင်းချိန် မတိုင်မီ နှင့် ကျောင်းချိန်အပြီးတွင် မိဘများမှ မိမိတို့၏ ကလေးများအား အပို့၊ အကြို ပြုလုပ်နိုင်မည့် အသစ်သော ဧရိယာတစ်ခုအား ထောက်ပံ့ပေးခွင့်ရသည်မှာ ကျွန်ုပ်တို့ ကံကောင်းလှပေသည်။ ကျောင်းမြေပိုင်ဆိုင်မှု၏ အနောက်ဘက်အခြမ်းတွင် တည်ရှိသော ကားမောင်းဝင်နိုင်သည့်လမ်းသည် California Avenue လမ်းမမှ ဖယ်ခွာပြီး၊ ကားပါကင်မြေကွက်အား ရှောင်ရှားနိုင်မည့် အခွင့်အလမ်းကို ထောက်ပံ့ပေးမည်ဖြစ်သည်။ သင်၏ ယာဉ်ပေါ်မှ သင့်ကလေးများအား အတင်၊အချ မပြုလုပ်မီတွင် ကလေးအား ချထားနိုင်သော ဧရိယာအဆုံးအထိ သင် တတ်နိုင်သမျှ မောင်းဝင်သွားရန် ကျေးဇူးပြုပြီး သေချာအောင် ဆောင်ရွက်စေလိုပါသည်၊ သို့မှသာ ယာဉ်လမ်းကြောင်း လည်ပတ် သွားလာမှုရှိနေစေရန် နှင့် ကျောင်းသားများ အန္တရာယ်ကင်းလုံခြုံမှုရှိစေရန် ကျွန်ုပ်တို့ ထိန်းသိမ်း ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဧရိယာမှ သင် ထွက်ခွာပြီးပြီးချင်း ကျေးဇူးပြုပြီး ညာဘက်သို့ ချိုးကာ California Avenue လမ်းမပေါ်သို့ ဝင်ရောက်ပါ။ ဘယ်ဘက်သို့ ချိုးရန် ကြိုးစားပါက ပိုမို လမ်းကြပ်ပြီး အန္တရာယ်ရှိသော

ယာဉ်လမ်းကြောင်းကို ဖြစ်ပေါ်စေမည် ဖြစ်သည်။ သင် ယာဉ်မောင်းစဉ် စိတ်ရှုပ်ထွေးရမှု သက်သာစေရန် နှင့် ပိုမို အန္တရာယ်ကင်းစေရန် ကျွန်ုပ်တို့၏ အသစ်သော အပို/အကြို ဇရိယာအား သင် အသုံးပြုလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။ ကျေးဇူးတင်ပါသည်။

## ကျောင်း အသိုင်းအဝိုင်းအဖွဲ့အစည်း ကောင်စီ

ကျောင်း အသိုင်းအဝိုင်းအဖွဲ့အစည်း ကောင်စီသည် ကျောင်း၏ ငွေကြေးလျာထားမှု ဘတ်ဂျက်များအား မည်သို့ အကောင်းဆုံး အသုံးပြုမည်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု အစီအစဉ်များအား ရေးဆွဲဆောင်ရွက်ခြင်း နှင့် ကျွန်ုပ်တို့၏ကျောင်းတွင် အစီအစဉ်တကျရှိသော ဆုံးဖြတ်ချက်များအား ဆွေးနွေး၊ ချမှတ်နိုင်ရန်အတွက် အကူအညီပေးခြင်း အစရှိသည်တို့တွင် ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်သည်။ ကောင်စီသည် တစ်လလျှင် တစ်ကြိမ် တွေ့ဆုံမည်ဖြစ်သည်။ ကောင်စီ အဖွဲ့ဝင်ဖြစ်ရန်အတွက်ငှာ ရွေးကောက်မှု ခံယူရမည် ဖြစ်သည်။ အကယ်၍ လျှို့ ဝှက်မဲပေးမှုစနစ်တွင် သင်၏ အမည်အား တင်သွင်းရန် သင် ဆန္ဒရှိပါက ကျေးဇူးပြုပြီး ရုံးခန်းထံ 801-974-8315 သို့ ဆက်သွယ်ပါ၊ သို့မဟုတ် ကျွန်ုပ်တို့၏ ရုံးဝန်ထမ်းများထံ အသိပေးရန်အတွက် ကျွန်ုပ်တို့၏ အရှေ့မျက်နှာစာ ရုံးခန်းသို့ လာရောက်လည်ပတ်ပါ။ ကောင်စီတွင် မိဘများမှ တာဝန်ထမ်းဆောင်မှုကို ကျွန်ုပ်တို့ လိုအပ်ပြီး၊ သင်မှ ၎င်းအား ထည့်သွင်းစဉ်းစားပေးမည်ဟု ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။

မည်သည့် ကျောင်းခရိုင် ဝန်ထမ်း သို့ မဟုတ် ကျောင်းသား များသည် ဝန်ထမ်း သို့ မဟုတ် ကျောင်းခရိုင် မှ မည်သည့် အစီအစဉ် ကို မဆို သို့ မဟုတ် တက်ကြွ လှုပ် ရှား မှု များ တွင် အသက် ၊ အသားအရောင် ၊ မစွမ်းမသန် ဖြစ်မှု ၊ လိင် ၊ မည် သည့် လိင် ဖြစ် ကြောင်း ညွှန်းဆိုမှု ၊ မျိုးဗီဇ ဆိုင်ရာ သတင်း အချက် အလက် အရ ၊ မူလ နိုင်ငံ သား ဆိုင်ရာ ၊ ပဋိသန္ဓေ ရှိ မှု ၊ လူမျိုး ၊ ဘာသာ ၊ လိင်ပိုင်း ဆိုင်ရာ တိမ်းညွတ် မှု ၊ သို့ မဟုတ် စစ်ဘက် ဆိုင်ရာ တွင် တာဝန်ထမ်းဆောင် ခဲ့ ခြင်း အတွက် ရာ ထူး အဆင့် အတန်း တို့ ကို ရည် ရွယ် ပြီး ခွဲ ခြား ဆက်ဆံ မှု မပြု ရ ပါ။ ကျောင်းခရိုင်သည် ချမှတ် ထား သည့် အစီအစဉ် များ တွင် ၊ ဝန်ဆောင် မှု နှင့် မူဝါဒ အရ ဝန်ထမ်းများ ဆိုင်ရာ ၊ စောဒက တက်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ် ၊ အစီအစဉ် များ ကို အသုံးပြု နိုင်မှု ၊ ကျောင်းခရိုင် ၏ ပိုင်ဆိုင်မှု များ ကို အသုံးပြု မှု ၊ ကျောင်းခန်း စသည် တို့ တွင် အားလုံး သာတူ ညီမျှ ပါဝင် ဆောင်ရွက် နိုင်ရန် နှင့် ဝန်ထမ်း များ သာတူ ညီမျှ ဖြစ်ခြင်း ဆိုင်ရာ အခွင့် အလမ်း ကို ချမှတ်ထားသည်။ ကျောင်းခရိုင်သည် အမေရိကန် ပြည်ထောင်စု ၏ ခေါင်းစဉ် ၃၆ အရ ကျောင်းခရိုင် ၏ အဆောက်အဦ များ ကို ငယ်ရွယ် သူများ အုပ်စု နှင့် အားလုံး ကို တူညီမျှတ စွာ အသုံးပြု ခွင့် ပေးထား ပါသည်။ အောက်ဖော်ပြ ပါ ပုဂ္ဂိုလ်သည် ဥပဒေ မဲ့စွာ ခွဲခြား ဆက်ဆံ ခံရမှု ၊ နှောင့်ယှက်ခံရခြင်း ၊ လက်တုံ့ ပြန်ခြင်း တို့ တွင် စောဒက တက်ခြင်း အတွက် ဆောင်ရွက် ပေး မည့် သူ ဖြစ်သည်။ (Tina Hatch၊ တိုင်တမ်းလွှာ စုံစမ်းစစ်ဆေးရေးဌာန၊ း ၊ 440 East 100 South, Salt Lake City, Utah 84111, (801) 578-8388. (၈၀၁) ၅၇၈ - ၈၂၈၃ သင်သည် ကော်လိုရာ ဒို ပြည်နယ် ၊ဒင်ဗာ မြို့ မှာ ပြည်သူ့ အခွင့် အရေး ရုံး ကို လည်း ဆက်သွယ် နိုင်သည်။ ဖုံးနံပါတ် (303) 844-5695. (၃၀၃) ၈၄၄ ၅၆၉၅